စိတ်ကူးချိုချိုအနုပညာ

# ၃၆၅-ရက်

# ဖုန်းရွှေ

ဟိန်းလတ်

WIND & WATER

风 + 水

FENG SHUI

myoe.com

mgyoe.com



ဥဒေ၅-ရက်

ပန်းရွေ

ဟိန်းလတ်

ISBN 9789997112071
HL2
9 789997 112071
2,500.00KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ဂ၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၀၈ · ၈၃

၃၆၅ ရက် ပုန်းရွှေ
ဟိန်းလတ်-ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃။
စာမျက်နှာ ၁၅၃၊ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) ၃၆၅ ရက် ပုန်းရွှေ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ၃၆၅ ရက်

ဟုန်းရွှေ

ဟိန်းလတ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာစာ

တရုတ်ဘာသာစကား Feng Shui ကို မြန်မာဘာသာစကားဖြင့် အသံလှယ်လျှင် 'ဖန်းရွှီး' ဖြစ်လေသည်။ ကျွန်တော်က မြန်မာသံဖြင့် ခေါ်၍ကောင်းသကဲ့သို့ အတိတ်နိမိတ်လည်းဆောင်သည့် 'ဖုန်းရွှေ' ဟူ၍ စတင်သုံးနှုန်းခဲ့သည်။ တရုတ်နိုင်ငံတွင် ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက သုံးစွဲခဲ့သော ဤပညာရပ်ကို မြန်မာပရိသတ်နှင့် စတင်မိတ်ဆက်ပေးသူမှာလည်း ကျွန်တော်ပင်ဖြစ်သည်။ ၁၉၉၆ ခုနှစ်က 'လောကီရေးရာ သုခချမ်းသာအတတ်ပညာ' စာအုပ်ဖြင့် 'ဖုန်းရွှေ' စာအုပ်ကို ပထမဆုံးရေးသားခဲ့သည်။ ထို့နောက် ၁၉၉၇ ခုနှစ်တွင် ဒုတိယစာအုပ် 'ဖုန်းရွှေ နေရာချထားမှု အတတ်ပညာ' ကို ထပ်မံရေးသားခဲ့သည်။ ထို့နောက် 'စီးပွားရေးဖုန်းရွှေ'၊ 'ဖုန်းရွှေအမေး အဖြေ'၊ 'ဖုန်းရွှေသင်္ချာဗေဒ'၊ 'ကျန်းမာချမ်းသာ ဖုန်းရွှေပညာ' စသော စာအုပ်များကို ဆက်တိုက်ရေးသားထုတ်ဝေခဲ့သည်။ ယနေ့ခေတ် ကာလတွင် 'ဖုန်းရွှေ' ပညာကို မသုံးသောနိုင်ငံဟူ၍ မရှိသလောက် ဖြစ်နေပြီ။ နိုင်ငံတကာ ထုတ်ဂျာနယ်အသီးသီးတွင် ဗေဒင်ကဏ္ဍနှင့် တွဲ၍ 'ဖုန်းရွှေ' ကဏ္ဍလည်း မပါမဖြစ်ပါနေ၏။ နိုင်ငံတကာ ရုပ်မြင်သံကြားများတွင်လည်း 'ဖုန်းရွှေ

mgyoe.com

mgyoe.com


အစီအစဉ်' များကို ကြည့်နေရ၏။ အာရှနိုင်ငံများတွင်သာမက အနောက်နိုင်ငံ၊ ဥရောပနိုင်ငံများတွင်ပင် 'ဖုန်းရှွေ' ကို တွင်တွင်ကျယ်ကျယ်သုံးနေကြသည်။

ယခု ကျွန်တော် ရေးသားလိုက်သော '၃၆၅ ရက် ဖုန်းရှွေ' စာအုပ်ကတော့ တစ်နှစ်တာတွင် ၃၆၅ ရက်ရှိသည့်အနက် တစ်နှစ်တာလုံး ရက်တိုင်း ရက်တိုင်း နေ့တိုင်း၊ နေ့တိုင်း တစ်ချက်စီမှတ်ရမည့် ဖုန်းရှွေမှတ်စုများပင်ဖြစ်သည်။ လုပ်ဆောင်ကျင့်သုံးရန် လွယ်ကူသလောက် အလွန်ထိရောက်သောနည်းများကို တစ်ချက်ချင်း တင်ပြထားပါသည်။ ဤစာအုပ်ပါ 'ဖုန်းရှွေ' နည်းများကို သုံးပြီး –

- သင့်ဘဝအတွင်း ပိုမိုချမ်းသာကြွယ်ဝမှုများ ဝင်လာမည်၊
- အလုပ်ကံပိုကောင်းစေမည်၊
- ပေါင်းသင်းဆက်ဆံရေး ပိုမိုကျယ်ပြန့်လာမည်၊
- တစ်နေ့တခြား ကျန်းမာရေးပိုကောင်းလာမည်၊
- အိမ်ထောင်ရေး ပိုမိုခိုင်မြဲလာမည်၊
- စိတ်မချမ်းသာ၊ အလိုမကျမှုများ ပ,ပျောက်သွားမည်၊
- အိမ်ဂေဟာ ပိုမိုသာယာ နေချင့်စဖွယ်ဆောင်လာမည်၊
- ဖြေသမျှ စာမေးပွဲတွေ ထိပ်တန်းက အောင်မြင်လာမည်၊
- ချစ်မှုရေးရာ ဖူးစာကံတွေ ပိုပွင့်လန်းလာမည်။
- အနှောင့်အယှက်အတားအဆီးများ ကျော်နင်းအောင်မြင်လာမည်။

နိုင်ငံတကာတွင် လူပေါင်းများစွာ ဤ 'ဖုန်းရှွေနည်း' များကို လက်တွေ့သုံးစွဲခဲ့ကာ လက်တွေ့အောင်မြင်မှုများ ဆွတ်ယူပိုင်ဆိုင်နိုင်ခဲ့ကြပြီးပါပြီ။

ထို့ကြောင့် စာဖတ်သူသည်လည်း ယခုဖတ်ပြီး ယခုလုပ်ကြည့်

mgyoe.com

mgyoe.com


လိုက်ပါ။ စီးပွားချမ်းသာ၊ ကျန်းမာရွှင်လန်း၊ ဘေးဘယာဝေးကွာ၊ မင်္ဂလာများစွာ ရရှိလာကြမည်မှာ မုချသေချာလှပါကြောင်း။

*ဟိန်းလတ်*

mgyoe.com



gyoe.com
ngyoe.com

mgyoe.com

## ၁ နေရာကောင်းမှနေ၍ ဖုန်းရွှေကောင်း ရလာမည်

လက်ဝဲဘက်ခြမ်းတွင် 'နဂါးစိမ်း' ရှိပြီး လက်ယာဘက်ခြမ်း၌ 'ကျားဖြူ' ရှိ၍ ၎င်းတို့၏ခန္ဓာကိုယ်များက ပက်လက်ကုလားထိုင် အနေအထားမျိုး ဝိုင်းပတ်နေသောမြေသည် မင်္ဂလာအရှိဆုံးမြေဖြစ်သည်။ ထိုမြေ၏နောက်ကျောတွင် 'လိပ်မည်း' ဖြစ်သော တောင်ကုန်းက ရှိနေရမည်။ တောင်ဘက်ခြမ်းတွင်မူ 'ကြက်သွေးရောင် ဖီးနစ်ငှက်' ရှိနေရမည်။ ၎င်းမြေအနေအထားကို ဖြည်းညင်းစွာ စီးဆင်းနေသော ရေက ပတ်ဝိုင်းနေလျှင် ပိုကောင်းသည်။ ထိုမြေနေရာမျိုးတွင် စိမ်းလန်းသော စိုက်ခင်းများပါရှိက အကောင်းဆုံးဖြစ်၏။ ဤမြေမျိုးတွင် နေထိုင်သောသူသည် ကံကောင်းခြင်းအများဆုံး ပြည့်ဝမည်။ ထိုမြေမျိုးကို ရှာနိုင်က ရှာ၍နေရမည်။

*

mgyoe.com

mgyoe.com


## ၂ နဂါးသည် ကျားထက်မြင့်ပါစေ

သင့်အိမ်၏လက်ဝဲဘက်ခြမ်း (နဂါးတောင်ကုန်း) သည် လက်ယာဘက်ခြမ်း(ကျားတောင်ကုန်း)ထက် အနည်းငယ်ပိုမြင့်လျှင် ဖုန်းရွှေကောင်း၏။ အိမ်တွင်းမှနေ၍ လက်ဝဲ၊ လက်ယာ ခွဲကြည့်ရမည်။ ဤသို့ အနေအထားမျိုးမဖြစ်လျှင် လက်ဝဲဘက်ခြမ်းတွင် တောက်ပသော အလင်းရောင်တစ်ခုထွန်းညှိကာ 'နဂါးစွမ်းအင်' ကို ပိုမြှင့်တင်ရမည်။

*

## ၃ လိပ်သင်္ကေတကို အမြဲရှာပါ

အိမ်တိုင်း၏နောက်ကျောတွင် လိပ်ကျောကုန်းကဲ့သို့ တောင်ကုန်းများရှိသင့်သည်။ လုံးလုံးဝိုင်းဝိုင်းတောင်ကုန်းများသည် အိမ်၏ ကျောထောက်နောက်ခံဖြစ်၏။ လိပ်ကျောထောက်နောက်ခံမရှိလျှင် အိမ်နောက်ဘက်၌ နံရံဆောက်ပါ။ သို့မဟုတ် သစ်ပင်များစိုက်ပါ။ ထိုနေရာတွင် လိပ်ရုပ်ကလေးထားလျှင် ပိုကောင်းသည်။ ထိုနေရာတွင် ရေကန်ရှိလျှင် ထိုရေကန်တွင် လိပ်များရှိပါက အလွန်ကောင်း၏။ ထိုသို့ပြုလုပ်ခြင်းသည် အိမ်သားများကို အသက်ပိုရှည်စေ၏။

*

mgyoe.com

mgyoe.com


## ၄ တောက်ပသော ခန်းမ

အိမ်ရှေ့တွင် အမြိုပင် နေရာတစ်နေရာ ဖန်တီးကာ ကျက်သရေမင်္ဂလာရှိသော တောက်ပသည့်ခန်းမကြီးဖြစ်စေရန် ရောင်ပြန်ဟပ်ပြရမည်။ ဤနေရာသည် 'ဖီးနစ်' ငှက်၏နေရာဖြစ်သည်။ ၎င်းငှက်သည် ကျယ်ပြောသော မြေနေရာကိုလိုအပ်၏။ ဤသို့ပြုပြင်ထားလျှင် စောင့်သော 'ချိ' ဓာတ်ကို အိမ်တွင်းသို့ဝင်စေ၏။ ထိုနေရာမျိုးတွင် 'ဖီးနစ်ငှက်' ရုပ်ထားခြင်းဖြင့် အိမ်သူအိမ်သားများ ပို၍လာဘ်ရွှင်စေသည်။

*

## ၅ ပြေလျှောသော မြေက ပိုကောင်း၏

မြေပြန့်ထက် ဆင်ခြေလျှောမြေက ပို၍ မင်္ဂလာရှိ၏။ လုံးဝဥသုံ စောက်နက်သော ဆင်ခြေလျှောမျိုးကိုလည်း ရှောင်ရမည်။ နောက်ဘက်တွင် ခပ်မြင့်မြင့်ရှိပြီး ရှေ့ဘက်၌ ဆင်ခြေလျှောခပ်ပြေပြေရှိသော မြေဆိုလျှင်ကောင်းသည်။ ထိုမြေမျိုးကျမှ နဂါးတွေ ပျော်၏။

*


mgyoe.com

mgyoe.com

# ၆ အနီရောင်ရှိသောမြေ

မြေကြီးအရောင်နီကျင်ကျင်ရှိလျှင် ကောင်း၏။ ထိုမြေတွင် နဂါးနေတတ်၏။ ထိုမြေမျိုးကိုရှာပါ။ ထိုမြေမျိုးတွင် အိမ်ဆောက်က ဥစ္စာကြွယ်ဝမှုဖြစ်စေ၏။

*

# ၇ ကံကောင်းမှုသင်္ကေတရှိသောမြေ

မြေကြီးပေါ်တွင် ကုန်းကမူတစ်ခုရှိပြီး ထိုကုန်းကမူ၏ ပုံသဏ္ဌာန်မှာ နဂါးခေါင်းပုံ၊ ဒင်္ဂါးပုံ၊ လိပ်ပြာပုံရှိပါက ကောင်း၏။ ထိုကဲ့သို့သော မြေမျိုးကို ရွေးချယ်လျှင် ကံကောင်းမှုများ ပိုရစေမည်။ အကယ်၍ ထိုလိုမဟုတ်ဘဲ ကုန်းကမူပုံစံသည် ကျားပုံ ၊ လင်းယုန် ငှက်ပုံ၊ ကြွက်ပုံ၊ မြေခွေးပုံများဖြစ်နေပါက သင့်အတွက် ကံဆိုးမိုးမှောင်ကျတတ်သည်။ ထိုသို့သောပုံစံရှိသော ကုန်းကမူများကို အမြန်ဆုံးဖယ်ရှားပစ်ပါ။

*

mgyoe.com

mgyoe.com


## ၈ တောင်ထွတ်သုံးခုသည် ကလေးများကို ကံကောင်းစေသည်

အိမ်မှကြည့်လိုက်၍ တောင်ထွတ်သုံးခုကိုမြင်ရလျှင် ကလေးများ ပညာရေးအလွန်ကောင်း၏။ ထို့ကြောင့် ဂိတ်ဝတံခါး သို့မဟုတ် အိမ်ရှေ့ နံရံတွင် တောင်ထွတ်သုံးခုပုံကိုရေး၍ ထားလျှင်လည်း ကလေးများ ပညာရေးကောင်းနိုင်ပါသည်။


*

## ၉ ရေခွက်သည် အရေးကြီး၏

အိမ်တွင် ရေခွက်က မရှိမဖြစ်လိုအပ်၏။ အိမ်၏မျက်နှာချင်း ဆိုင်အရပ်တွင် ရေကန်ရှိလျှင် အကောင်းဆုံးဖြစ်၏။ ပင်လယ်ပြင်ကို ဆီးမြင်ရသော အိမ်တွင်နေရသူများမှာ အလွန်ကံထူး၏။ မိမိဘာသာ မိမိလည်း အိမ်ရှေ့မှာ ရေကန်တူး၍ရ၏။ ရေခွက်သည် ငွေကြေး ကြွယ်ဝမှု၊ လာဘ်ရွှင်မှုတို့၏ သင်္ကေတပင်ဖြစ်သည်။

*

mgyoe.com



mgyoe.com

## ၁၀ မြင်ရသောရေသည် ကြည်လင်နေပါစေ

စီးဆင်းနေသောရေဖြစ်ပြီး ကြည်လင်သန့်စင်နေဖို့ အရေးကြီး၏။ ရေအိုင်တွင်းမှ ပုပ်သိုးဟောင်စော်နေသောရေမျိုးရှိလျှင် သန့်စင်ပစ်ပါ။ ထိုရေမျိုးသည် မကောင်း။ ခြင်၊ ယင်တွေကို ရှင်သန်စေပြီး ကျန်းမာရေးထိခိုက်စေသည်။ ကြည်လင်သောရေမှာမူ ယန်းဓာတ်ဖြစ်ပြီး လူငယ်တွေအတွက်ကောင်းသည်။ ညစ်ပတ်သောရေများမှာ ‘ရှားချိ’ ထွက်ကာ လူကို ဒုက္ခပေးတတ်၏။ ညစ်ပတ်ရုံမက ပုပ်စော်နံနေသောရေဆိုလျှင် ပိုဆိုး၏။ အိမ်ရှေ့ရေမြောင်းကို ရေစီးရေလာကောင်းပြီး သန့်ရှင်းနေအောင် အမြဲဂရုစိုက်ပါ။ အိမ်ရှေ့ရေမြောင်းမကောင်းလျှင် မကောင်းသောဓာတ်များ အိမ်ထဲသို့ ဝင်လာစေမည်။

*

mgyoe.com

mgyoe.com


# ၁၁ တောင်ထိပ်ပေါ်မှာ မနေပါနှင့်

တောင်ထိပ်ပေါ်မှာ ဆောက်ထားသောအိမ်ဆိုလျှင် မည်သည့်အခါမှ မနေပါနှင့်။ တောင်ထိပ်ပေါ်မှအိမ်သည် လေဒဏ်၊ မိုးဒဏ် အကာအကွယ်မဲ့ခံရတတ်၏။ ထိုအိမ်တွင်နေထိုင်သူသည် ကံဆိုးမိုးမှောင်ကျတတ်၏။

*



mgyoe.com

mgyoe.com



# ၁၂ လှေဦးတိုက်၊ လှည်းဦးတိုက်နေရာမှာ မနေသင့်

လှေဦးတိုက်၊ လှည်းဦးတိုက်အိမ်မျိုးတွင် နေထိုင်သူများသည် ကံဆိုးတတ်၏။ ထိုနေရာမျိုးတွင် နေထိုင်သူသည် ချောင်ပိတ်ခံရကာ ထွက်ပေါက်မရှိ၊ ကယ်တင်မည့်သူမရှိဖြစ်တတ်သည်။ ထိုအိမ်မျိုးတွင် မလွှဲမရှောင်သာနေရမည်ဆိုလျှင် အိမ်ရှေ့တွင် နံရံတစ်ခုဆောက်ကာ နံရံပေါ်တွင် ပြတင်းပေါက်ပုံ ရေးထားရမည်။ ထွက်ပေါက်အတု လုပ်ပေးခြင်းဖြစ်၏။ အိမ်ရှေ့ခြံတွင် စိမ်းလန်းသောအပင်များ စိုက်ရမည်။ ရေပန်း (သို့) ရေကန်များထားရမည်။ ဤသို့အားဖြင့် မကောင်းမှုဒဏ်မှ သက်သာရာသက်သာကြောင်းဖြစ်မည်။

*


mgyoe.com

mgyoe.com

# ၁၃ လမ်းဦးတိုက်ကို မျက်နှာချင်းဆိုင်မနေရ

လမ်းတစ်ခု၏အဆုံးသည် မိမိအိမ်၏မျက်နှာစာတွင် ရှိနေပါက ထိုအိမ်တွင်မနေသင့်။ ထိုအိမ်မျိုးတွင်နေသူသည် အတိုက်အခိုက် အလွန်ခံရတတ်၏။ သို့သော် သင့်အိမ်က လမ်းထက် ပိုမြင့်နေပါက ပြဿနာမတက်နိုင်ပါ။ အိမ်က လမ်းထက်နိမ့်နေလျှင် ကားအန္တရာယ် အလွန်ရှိ၏။

*

mgyoe.com

mgyoe.com


# ၁၄ အိမ်အမြင့်နှစ်ခုကြားတွင် မနေရ

အိမ်အမြင့်နှစ်လုံးကြားတွင် မိမိအိမ်က ပုပုနိမ့်နိမ့်လေးဖြစ်နေလျှင် 'အုတ်ကြားညပ်' ဟုခေါ်ပြီး ထိုအိမ်မျိုးတွင် မနေသင့်ပါ။ ထိုအိမ်မျိုးတွင် နေထိုင်သူသည် အလုပ်ရှင်၏ဖိနှိပ်ခြင်းကိုလည်းကောင်း၊ ပြိုင်ဘက်များ၏ အနိုင်အထက်ပြုမှုကိုလည်းကောင်း ခံရတတ်၏။ ကုစားရန်နည်းလမ်းကားရှိ၏။ အိမ်ရှေ့မျက်နှာစာတွင် မီးရောင်များများ ထွန်းပေးခြင်းပင်ဖြစ်၏။

*

## ၁၅ လူတို့ဖန်တီးထားသောအရာများကိုလည်းရှောင်ပါ

မျက်နှာချင်းဆိုင်အိမ်မှ မိမိအိမ်ဘက်သို့ ထိုးထွက်နေသောဆိုင်းဘုတ်များ၊ အမိုးချွန်များတို့ကြောင့် မိမိ အိမ်ခိုက်တတ်၏။ ဓာတ် အားပေးတိုင်များ၊ တံတားများ၊ မိုးပျံလမ်းများသည်လည်း မိမိအိမ်ကို ထိခိုက်စေ၏။ ထိုအရာများနှင့် ကင်းဝေးသောနေရာတွင် ရှာနေပါ။

*

mgyoe.com

mgyoe.com


## ၁၆ ပုံမှန်ပုံစံမြေကွက်တွင် နေသင့်သည်


ပုံမှန်ပုံစံ ဆိုသည်မှာ လေးထောင့်စပ်စပ်ပုံစံမျိုး မြေကွက်ကို ဆိုလိုသည်။ သံလိုက်အိမ်မြှောက်ဖြင့်တိုင်းတာ၍လွယ်သော မြေပုံစံမျိုးဖြစ်၏။ တစ်နေရာရှည်လိုက်၊ တခြားတစ်နေရာတိုလိုက်၊ လိုအပ်သည်ထက် အစွန်းတွေထွက်နေသောမြေမျိုးတွင် အိမ်မဆောက်သင့်ပါ။

*

## ၁၇ သံလိုက်အိမ်မြှောင်သုံးပါ

ဖုန်းရွှေပညာတွင် အရပ်မျက်နှာများ တွက်ချက်ရာ၌ သံလိုက်အိမ်မြှောင်သည် အလွန်အရေးပါ၏။ မြောက်ဘက်ကို အမြဲတမ်း မြားပြသော သံလိုက်အိမ်မြှောင်မျိုး သုံးနိုင်၏။

*




mgyoe.com

mgyoe.com


# ၁၈ ငြိမ့်ငြိမ့်လေးစီးဆင်းနေသောရေ

အိမ်ရှေ့တွင် ငြိမ့်ငြိမ့်လေးစီးနေသော မြစ် (သို့) ချောင်းရှိပါက ဖုန်းရွှေ အလွန်ကောင်းသည်။ ထို့ပြင် ထိုချောင်းက အိမ်ကို ဝိုင်းပတ် စီးဆင်းပါက ပိုကောင်းပါသည်။ ရေ၏ 'ချီစာတ်' သည် အိမ်သူအိမ်သားများကို ကြွယ်ဝချမ်းသာစေ၏။

*

# ၁၉ မင်္ဂလာရှိသော ရေစီး

အိမ်ရှေ့တံခါးမကြီးကို ဖြတ်စီးသွားသော ရေမျိုးထဲတွင် မင်္ဂလာရှိသောရေစီးမှာ

(က) တံခါးမကြီးသည် မြောက်ဘက်၊ တောင်ဘက်၊ အရှေ့၊ အနောက်အရပ်များသို့ မျက်နှာလှည့်နေလျှင် မင်္ဂလာရှိသောရေစီးသည် တံခါးမကြီး၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ဖြတ်စီးရမည်။

(ခ) တံခါးမကြီးသည် အနောက်မြောက်၊ အနောက်တောင်၊ အရှေ့မြောက်၊ အနောက်မြောက်အရပ်များသို့ မျက်နှာလှည့်နေလျှင် မင်္ဂလာရှိသောရေစီးသည် တံခါးမကြီး၏ လက်ယာမှ လက်ဝဲဘက်သို့ ဖြတ်စီးရမည်။

*

mgyoe.com

mgyoe.com


## ၂၀ မြေဝယ်မည်ဆိုလျှင်

မြေဝယ်မည့်သူသည် မြေကို နံနက် ၇ နာရီမှ ၉ နာရီကြားတွင် သွားကြည့်ရမည်။ ၎င်းသည် 'နဂါး' ကြီးစိုးသောအချိန်ဖြစ်၏။ ဒုတိယ အချက်အနေဖြင့် ရာသီဥတု၏အခြေအနေကို ကြည့်ရမည်။ မိုးဖွဲဖွဲ လေးရွာနေလျှင် နိမိတ်ကောင်း၏။ ကြီးပွားချမ်းသာမည့် အတိတ်နိမိတ် ကို ဆောင်၏။ မိုးက သည်းကြီးမည်းကြီးရွာပါက မကောင်းပါ။ ပြဿနာတွေတက်မည့်နိမိတ်ဖြစ်၏။

*



mgyoe.com

mgyoe.com


## ၂၁ ကလေးတစ်ဦး၏အကူအညီကိုယူ

မြေသစ်ဝယ်လျှင် ယောကျ်ားလေး ကလေးငယ်တစ်ဦး၏ အကူအညီကိုယူရမည်။ ကလေးငယ်ယောကျ်ားလေးသည် မြေသစ်အတွက် 'ချီ' ဓာတ်ပိုင်ရှင်ဖြစ်၏။ ထို့ကြောင့် မြေသစ်ကိုကြည့်ရာတွင် ထိုကလေးကို ခေါ်သွားရမည်။ ကလေးက ရွှင်ပျနေလျှင် ထိုမြေကို ဝယ်ရမည်။ ကလေးက မအီမသာဖြစ်ပြီး ငိုနေလျှင် ထိုမြေကို မဝယ်သင့်။ ကလေးက ဆီးသွားချင်၊ ဝမ်းသွားချင်ဖြစ်နေလျှင် ထိုမြေဝယ်လျှင် အခက်အခဲတွေ့တတ်၏။ ကလေးက ရွှင်မြူးပျော်ပါးနေလျှင် အတိတ်နိမိတ် ကောင်းပြီး ထိုမြေကို ဝယ်သင့်သည်။ ထိုအချက်များကို ယုံယုံကြည်ကြည်လိုက်နာလျှင် မြေဝယ်ရာတွင် အဆင်ပြေပါလိမ့်မည်။



*

mgyoe.com

mgyoe.com


# ၂၂ အဆိပ်မြားတွေကို ကာကွယ်နည်း

(က) အဆိပ်မြားက တောင်ဘက်အရပ်မှလာလျှင် တံခါးမကြီးရှေ့တွင် ရေအိုးကြီးကြီးကို ချထားပါ။

(ခ) အဆိပ်မြားက မြောက်ဘက်မှလာလျှင် မြေကမူသုံးလုံး အိမ်ရှေ့မှာလုပ်ပါ (သို့) ကျောက်တုံးကြီး ၃ လုံးထားပါ။ အိမ်ရှေ့တွင် သံသာဆည်းလဲချိတ်လျှင်လည်း ရ၏။

(ဂ) အဆိပ်မြားသည် အနောက် (သို့) အနောက်မြောက်ဘက်မှ လာလျှင် အိမ်ရှေ့တွင် တောက်ပသော မီးထွန်းပါ။ မီးမထွန်းနိုင်လျှင် အရောင်တစ်ခုခုထားပါ။

(ဃ) အဆိပ်မြားသည် အရှေ့(သို့) အရှေ့တောင်မှလာလျှင် အိမ်ရှေ့၌ သတ္တုတိုင် ၅ တိုင်ပါသော ဆည်းလဲချိတ်ပါ။ ဒင်္ဂါးပြား သို့မဟုတ် ကြေးနီပစ္စည်းတစ်ခုခုထားလျှင်လည်း ရ၏။

*

mgyoe.com

mgyoe.com


## ၂၃ အမိုးချွန်များကို ဂရုစိုက်

မိမိ၏အိမ်ရှေ့တံခါးမဆီသို့ ဦးတည်ထိုးနေသော အမိုးချွန်များသည် အဆိပ်မြားများပင်ဖြစ်သည်။ ဤအဆိပ်မြားများသည် သင့်မိသားစုနှင့် စီးပွားရေးတို့ကို အလွန်အမင်းထိခိုက်စေနိုင်သည်။ အကယ်၍ အမိုးစွန်း တြိဂံအချွန်းက သင့်အိမ်ဆီသို့ တိုက်ရိုက်ထိုးနေပါက ၎င်းကို တန်ပြန်သည့်အနေဖြင့် မှန်ဝိုင်းတစ်ချပ်ဖြင့် ပြန်၍ကာကွယ်ရမည်။

*

mgyoe.com

mgyoe.com


# ၂၄ ဖုန်းရွှေကောင်းသော အိမ်ရွေးနည်း

- မိမိအိမ်၏နောက်ဘက်တွင် အနည်းငယ်မြင့်သော ကုန်းကမူ ရှိပါစေ။ သို့မဟုတ် သစ်ပင်အုပ်တစ်ခုခု သော်လည်းကောင်း၊ ပိုမိုမြင့်သော အိမ်သော်လည်းကောင်း ရှိရမည်။
- အိမ်ရှေ့တွင် မြေကွက်လပ်လွတ်ရှိနေသောအိမ်ကို ရှာပါ။ ကစားကွင်းသော်လည်းကောင်း၊ ကွင်းပြင်တစ်ခုခုသော်လည်းကောင်း ဖြစ်ရမည်။ ထိုအိမ်မျိုးသည် ဖုန်းရွှေ အလွန်ကောင်း၏။
- သင့်အိမ်နံပါတ်သည် သင်၏ 'ကွ' နံပါတ်သော်လည်းကောင်း၊ သင်၏မွေးရက်ဂဏန်းသော်လည်းကောင်း ရှိရမည်။ ဥပမာ သင်သည် နိုဝင်ဘာ ၂၁ ရက်မွေးသူဆိုလျှင် အိမ်နံပါတ် ၂၁၊ စက်တင်ဘာ ၅ ရက်မွေးသူဆိုလျှင် အိမ်နံပါတ် ၅ ကို ရလျှင် ဖုန်းရွှေကောင်းသည်။
- အိမ်ပုံစံသည် ပုံမှန်ပုံစံဖြစ်ရမည်။ ဟိုအစွန်းထွက် ဒီအစွန်းထွက်သော အိမ်ပုံစံမျိုးထက် လေးထောင့်စပ်စပ်အိမ်ပုံစံက ပိုကောင်းသည်။

mgyoe.com

mgyoe.com


## ၂၅ အိမ်နှင့်အဆောက်အဦများအတွက် အကောင်းဆုံး အရောင်များ

(၁) မြောက်ဘက်အရပ်ကို မင်္ဂလာအရပ်အဖြစ် မျက်နှာမူပြီး ဆောက်ထားသောအိမ်များသည် အနီရောင် (သို့) အစိမ်းရောင် သုတ်သင့်သည်။

(၂) တောင်ဘက်မျက်နှာမူသောအိမ်သည် အဖြူ (သို့) အပြာရောင် ရွေးရမည်။

(၃) အရှေ့နှင့် အနောက်တောင် မျက်နှာလှည့်ထားသောအိမ်သည် အပြာရောင်နှင့်သင့်လျော်၏။

(၄) အရှေ့နှင့် အရှေ့တောင် မျက်နှာမူသောအိမ်များသည် အဖြူ (သို့) အစိမ်းရောင်နှင့် အဆင်ပြေ၏။

(၅) အနောက် (သို့) အနောက်မြောက်ဘက်လှည့်သောအိမ်များသည် အစိမ်း (သို့) အပြာရောင်နှင့်သင့်လျော်၏။

(၆) အနောက်တောင် (သို့) အရှေ့မြောက်လှည့်သောအိမ်များသည် အဝါ (သို့) အနီရောင်ရွေးရမည်။

*

mgyoe.com

mgyoe.com


## ၂၆ ရှောင်ရမည့်အရောင်များ

(၁) မြောက်ဘက်လှည့်အိမ်– အဝါ (သို့) အပြာရှောင်
(၂) တောင်ဘက်လှည့်အိမ် – အစိမ်း (သို့) အဝါရှောင်
(၃) အရှေ့နှင့်အနောက်တောင်လှည့်အိမ် – အနီ (သို့) အပြာရှောင်
(၄) အနောက် (သို့) အနောက်မြောက်လှည့်အိမ် – အဖြူ (သို့) အနီရှောင်
(၅) အနောက်တောင် (သို့မဟုတ်) အရှေ့မြောက်လှည့်အိမ် – အဖြူ (သို့) အစိမ်းရှောင်

*

## ၂၇ ပုံမှန်ပုံစံရှိသော အိမ်အကောင်းဆုံး

'အယ်လ်' ပုံစံအိမ်၊ 'ယူ' ပုံစံအိမ်များကို ရှောင်ရမည်။ ၎င်းအိမ်များသည် မင်္ဂလာရှိသောထောင့်များ ပျောက်နေတတ်၏။ ထို့ကြောင့် ပုံမှန်ပုံစံရှိသောအိမ်ကိုသာ ရွေးပါ။

*


mgyoe.com

mgyoe.com


# ၂၈ အိမ်ဆောက်မည့်နေရာသည် မင်္ဂလာရှိသောနေရာဖြစ်ပါစေ

အိမ်ဆောက်မည့်နေရာသည် မင်္ဂလာရှိသောနေရာ ဖြစ်ရမည်။ မြေနေရာ၏ ရှေ့နားရောက်လွန်းလျှင်လည်းကောင်း၊ နောက်ဘက်ရောက်လွန်းလျှင်သော်လည်းကောင်း မသင့်လျော်ပါ။ ရှေ့ဘက် မြေနေရာချန်ထားပြီး နောက်ဘက်တွင် သင့်လျော်သောနေရာတွင် အိမ်ဆောက်ရမည်။ နောက်ဘက်မြေနေရာလွတ် သိပ်မချန်သင့်။ အိမ်ရှေ့တံခါးမကြီးရှေ့တွင် ပန်းခြံတစ်ခုခုရှိနေရမည်။ သို့မှသာ ငွေကြေးကံပိုကောင်းနိုင်သည်။

*



mgyoe.com


mgyoe.com



## ၂၉ အိမ်တွင် ယင်းနှင့်ယန်း ဟန်ချက်ညီနေရမည်

အိမ်တစ်လုံးတွင် နေရောင်ခြည်နှင့် အလင်းဓာတ် လုံလုံလောက်လောက်ရနေစေရမည်။ အိမ်က မှောင်လွန်းလျှင် 'ယင်း' ဓာတ်ထွက်လာပြီး မကောင်းသောဓာတ်များဖြစ်တတ်သည်။ ညဘက်တွင် မီး လုံလုံလောက်လောက် ထွန်းထားရမည်။ မီးကို မျှမျှတတထွန်းပါ။ မီးနည်းလျှင် မကောင်းသလို မီးများလွန်းလျှင်လည်း မကောင်းပါ။ အလင်းအမှောင်ကို ဟန်ချက်ညီအောင် မျှတအောင်ထွန်းပါ။

*



mgyoe.com

mgyoe.com


## ၃၀ အိမ်သို့ဝင်သောလမ်းကို သတိပြုပါ

အိမ်ထဲသို့ဝင်သော ကားလမ်းကိုလည်း ဂရုစိုက်ရမည်။ လမ်းက ဖြောင့်ဖြောင့်တန်းတန်းကြီး အိမ်ထဲသို့ ထိုးဝင်လာခြင်းသည် မကောင်း။ လမ်းကို ကွေးကွေးလေးဖောက်သင့်သည်။ လမ်းသိပ်ကျဉ်း လွန်းလျှင်လည်း မကောင်းပါ။ လမ်းဘေးတွင် မီးတိုင်များထားခြင်း သည် လုပ်ငန်းကိုင်ငန်းများကို ပိုမိုကောင်းမွန်စေသောအစီအရင်ဖြစ် ၏။

*

## ၃၁ အိမ်ရှေ့တံခါးမကြီး ခိုင်ခိုင်ခံ့ခံ့ဖြစ်ရမည်

အိမ်ရှေ့တံခါးမကြီးသည် အိမ်တွင်ရှိသမျှ တံခါးအားလုံးထက် ကြီးနေရမည်။ အိမ်သူအိမ်သားများ အဝင်အထွက်လုပ်ရန် ဤတံခါး မကြီးကို အသုံးပြုရမည်။ နောက်ဖေးပေါက်၊ ဘေးပေါက်များမှ အဝင် အထွက်မလုပ်ပါနှင့်။ အိမ်ရှေ့တံခါးမကြီး မျက်နှာမူရာအရပ်သည် အိမ်ထောင်ဦးစီး၏ မင်္ဂလာအရပ်မျက်နှာကို မျက်နှာမူသင့်သည်။

*


mgyoe.com

mgyoe.com


## ၃၂ တံခါးမကြီး၏ မင်္ဂလာအချက်အလက်များ

တံခါးမကြီးမှကြည့်လိုက်လျှင် လှေကား၊ အုတ်နံရံ၊ အိမ်သာ၊ ခလုတ်တို့ ပိတ်ဆို့ကာဆီးမနေရ။ ၎င်းတို့သည် လာဘ်လာဘအဝင်ကို ပိတ်ဆီးထားသကဲ့သို့ဖြစ်တတ်၏။ တံခါးမကြီးမှကြည့်လိုက်လျှင် ကျယ်ပြောသောခန်းမကို မြင်နေရလျှင်ပိုကောင်း၏။

တံခါးမကြီးမှကြည့်လိုက်လျှင် ခန်းဆီးတစ်ခုခု တပ်ထားလျှင်ရ၏။ သို့သော် ခန်းဆီးက တံခါးမကြီးထက် ပို၍မကြီးစေရ။



*

## ၃၃ တံခါးမကြီး၏ မင်္ဂလာအရောင်များ

(၁) တောင်ဘက်မျက်နှာမူသောတံခါးမ – အနီရောင်

(၂) မြောက်ဘက်မျက်နှာမူသောတံခါးမ – အပြာရောင်

(၃) အရှေ့ (သို့) အရှေ့တောင်မျက်နှာမူသောတံခါးမ – အစိမ်းရောင်

(၄) အနောက် (သို့) အနောက်မြောက်မျက်နှာမူသောတံခါး – အဖြူရောင်

(၅) အနောက်တောင် (သို့) အရှေ့မြောက်မျက်နှာမူသော တံခါးမ– အဝါရောင်

*

mgyoe.com


mgyoe.com



# ၃၄ တံခါးမနှင့် မျက်နှာချင်းဆိုင်တွင် မရှိသင့်သောအရာ

တံခါးမကြီးနှင့် မျက်နှာချင်းဆိုင်တွင် လှေကားနှစ်ခု မျက်နှာချင်းဆိုင် မရှိစေရ။ လှေကားတစ်ခုကအတက်၊ လှေကားတစ်ခုက အဆင်းဆိုလျှင် ပို၍မကောင်း။ ဤအိမ်မျိုး ပိုင်ဆိုင်သူများသည် အဆုံးအဖြတ်မပြတ်သားတတ်။ အဆုံးအဖြတ်မှားတတ်သည်။ ၎င်းကို ပပျောက်စေသောအစီအရင်မှာ မီးကောင်းစွာထွန်းထားသော မီးဆိုင်းကြီးတစ်ခု ချိတ်ဆွဲထားခြင်းပင်ဖြစ်သည်။ မီးရောင်ထိန်ထိန်ထွန်းပေးထားခြင်းသည် မပြတ်မသားဖြစ်သူကို ကွဲကွဲပြားပြားဖြစ်စေသည်။

✱



mgyoe.com

mgyoe.com



## ၃၅ တံခါးမ၏ရှေ့တည့်တည့်အပေါ်နားတွင် အိမ်သာရှိနေသော်

ဤသို့ဖြစ်နေလျှင် တကယ်ပင် ရှောင်ရန်ရှားရန် အရေးကြီး၏။ ဖြေရှင်း၍ရသောနည်းဟူ၍ တစ်နည်းသာရှိ၏။ ၎င်းမှာ အပေါ်ထပ်ရှိ အိမ်သာကို အသုံးမပြုဘဲ ပိတ်ထားရန်သာဖြစ်၏။ နောက်တစ်နည်းကား တံခါးမကြီး၏အပေါ်နားတွင် မီးရောင်တောက်တောက် ထွန်းပေးခြင်းဖြစ်၏။

*

## ၃၆ တံခါးမကြီးကို အဆိပ်မြားများ ထိမှန်သောအခါ

တံခါးမကြီးအား လျှို့ဝှက်အဆိပ်မြားများမှ ထိခိုက်မှုကို ကာကွယ်ရမည်။ ဤအချက်သည် ဖုန်းရွှေပညာတွင် အရေးအကြီးဆုံးဖြစ်၏။ အိမ်၏ အခြားသောနေရာများတွင် မည်မျှ ဖုန်းရွှေ ကောင်းစေကာမူ တံခါးမကြီးသို့ အဆိပ်မြားထိုးနေလျှင် အခြားကောင်းသောအရာအားလုံးပင် ပျက်လိမ့်မည်။ ထို့ပြင် တံခါးမကြီးကို အဆိပ်မြားများ မထိမှန်ရန် အစွမ်းကုန်နည်းမျိုးစုံဖြင့် ကာကွယ်ရန်လိုအပ်၏။ အကောင်းဆုံးနည်းမှာ တံခါးမကြီးဘေးတွင် ခွေးရုပ်နှစ်ရုပ်ကို ချထားရမည်။ ခွေးရုပ်နှစ်ရုပ်တွင် တစ်ရုပ်ကအထီး၊ တစ်ရုပ်က အမ ဖြစ်ရမည်။ ခြင်္သေ့ရုပ်သည်လည်း အစွမ်းထက်၏။ သို့သော် ခွေးရုပ်မျှသာ သုံးသင့်၏။ ခြင်္သေ့အစား ကျားရုပ်ထားလျှင်လည်း ရပါသည်။

*

mgyoe.com

mgyoe.com


# ၃၇ အဆိပ်ပြားဥပမာများ


အိမ်ရှေ့တံခါးမကြီးတည့်တည့်တွင် ထီးထီးကြီးရှိနေသော သစ်ပင်သည် မိသားစုတွင်း၌ သားသမီးရတနာရခြင်းကို တားဆီးနိုင်၏။ ထို့အတူ အိမ်အတွင်းသို့ဝင်လာလတ္တံ့သော ကံကောင်းမှုများကိုလည်း ဆီးတားထားနိုင်၏။ ထို့ကြောင့် သစ်ပင်ကို ခုတ်ပစ်ပါ။ ထိုသစ်ပင်ကို ခုတ်ပစ်ရန် နှမြောနေလျှင် တံခါးမကြီးကို သစ်ပင်နှင့်လွတ်ရာသို့ ပြောင်းဖောက်ပါ။ နောက်တစ်နည်းကား တံခါးမကြီးကို ဆေးအနီရောင်တောက်တောက်သုတ်ခြင်းနှင့် တံခါးမကြီးပေါ်တွင် တောက်ပသောမီးလုံးတစ်လုံး ထွန်းညှိခြင်းတို့ဖြစ်၏။

အိမ်ရှေ့တံခါးမကြီးသို့ တြိဂံပုံ အိမ်အမိုးချွန် ထိုးဝင်နေပါက စီးပွားရေးအခက်အခဲကြုံတတ်သည်။ အိမ်သူအိမ်သားများ မကျန်းမမာဖြစ်တတ်သည်။ ဤသည်မှာ သတ်ဖြတ်နိုင်စွမ်းသော ချီဓာတ်ဖြစ်၏။ ထို့ကြောင့် ထိုးနေသောအိမ်အမိုးချွန် မမြင်ရအောင် ကာကွယ်မှုများလုပ်ပါ။ ထိုသို့မလုပ်နိုင်ပါက သတ္တုချောင်းငါးချောင်း၊ ခြောက်ချောင်းပါသော လေသာဆည်းလည်းကို အမိုးချွန်နှင့် တံခါးမကြီးကြားတွင်တပ်ပါ။

အခြားအတားအဆီးအဆိပ်မြားများမှာ မိုးပျံကုန်းတံတား၊ ကြက်ခြေခတ်အမှတ်အသား သို့မဟုတ် ကြောက်ဖွယ်ကောင်းသောအရုပ်တို့၊ အိမ်တံခါးမကြီးရှေ့တွင် ရှိနေခြင်းဖြစ်၏။ ထိုအရာများနှင့် တံခါးမကြီးကြားတွင် အဆီးအတားအကာအကွယ်တစ်ခုခုလုပ်ပေးပါ။

*

mgyoe.com





## ၃၈ တံခါးမကြီးရှေ့တွင် ဘုရားရှိခိုးကျောင်း မရှိစေရ

တံခါးမကြီးရှေ့တည့်တည့်တွင် ဘုရားရှိခိုးကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဆေးရုံ၊ ထောင် စသည်တို့ မရှိစေရ။ ထိုသို့ရှိနေလျှင် တံခါးမကြီးကို အနီရောင်ဆေးသုတ်ပြီး အကာအကွယ်ယူပါ။


ဘာသာရေးအဆောက်အဦများသည် အိမ်နောက်ဘက်တွင်ရှိလျှင် (သို့) အိမ်ဘေးတွင်ရှိလျှင်ကား ပြဿနာမရှိပါ။

*

mgyoe.com

mgyoe.com


## ၃၉ တံခါးမကြီးသည် လေ့ဦးတိုက်၊ လှည်းဦးတိုက်တွင် မရှိစေရ



တံခါးမကြီးနှင့် လေ့ဦးတိုက်၊ လှည်းဦးတိုက်တည့်တည့်ကြီး ဖြစ်နေက အဆိပ်မြားများဝင်လာတတ်၏။ အကောင်းဆုံးကား အိမ်ရှေ့တံခါးမကြီးကို နေရာပြောင်းဖောက်ပါ။

*

## ၄၀ တံခါးမကြီးနှင့်တောင် တည့်တည့်မရှိစေရ

တံခါးမကြီးနှင့်ပေ ၂၀ အကွာတွင် တောင် (သို့) ကုန်းကမူ မရှိစေရ။ ထိုသို့ရှိနေလျှင် အိမ်တွင်းနေထိုင်သူကို အကြီးအကျယ်ခိုက်တတ်၏။ ထို့ကြောင့် တံခါးမကြီးကို တောင်နှင့် လွတ်သောနေရာသို့ ပြောင်းဖောက်ပါ။

*

mgyoe.com

mgyoe.com


## ၄၁ တံခါးမကြီးနှင့် လမ်းအကွေး တိုးမနေစေရ

တံခါးမကြီး၏ ရှေ့တည့်တည့်တွင် လမ်းအကွေး (သို့) မိုးပျံ တံတားမရှိစေရ။ ထိုသို့ရှိနေလျှင် အိမ်ကို ဓားနှင့်ပိုင်းသကဲ့သို့ ရှိနေ တတ်၏။ တံခါးမကြီးနှင့်ရှေ့တည့်တည့်တွင် အမှိုက်ပုံးများလည်း ရှိနေ လျှင် ဖယ်ရှားပစ်ပါ။

*

## ၄၂ တံခါးမကြီးရှေ့တွင် အမှိုက်ပုံမရှိရ

တံခါးမကြီး၏ရှေ့တည့်တည့်တွင် အမှိုက်ပုံရှိမနေစေရန် သတိပြု ပါ။ ထိုသို့ရှိနေလျှင် ထိုအိမ်တွင်နေထိုင်သူများ ကျန်းမာရေးမကောင်း နိုင်။ စီးပွားရေးလည်း ပိတ်ဆို့နေတတ်၏။ ၎င်းကို ကုသနည်းမှာ အမှိုက် ပုံကို ဖယ်ရှားပစ်ရန်သာဖြစ်၏။

*

mgyoe.com

mgyoe.com


## ၄၃ တံခါးမကြီးရှေ့မှာ တိုင်မကွယ်ပါနှင့်

အိမ်ရှေ့တံခါးမကြီးရှေ့တွင် ဓာတ်တိုင်၊ ခေါင်းတိုင်၊ ဓာတ်အား ပေးစက်၏ စွန့်ထုတ်ပိုက် စသည်တို့မရှိရန် သတိပြုပါ။ ထိုသို့ရှိလျှင် ထိုအိမ်တွင် နေထိုင်သူများသည် နေထိုင်မကောင်းဖြစ်မည်။ ချူချာမည်။ တန်ပြန်ရန်နည်းမှာ တံခါးမကြီးပေါ်တွင် မှန်တစ်ချပ်ကပ်ပေးပါ။ သို့တည်းမဟုတ် တံခါးမကြီးကို နေရာပြောင်းဖောက်ပေးပါ။

*

mgyoe.com

mgyoe.com


## ၄၄ ပိတ်ဆို့နေသောမြောင်းများကို ဖယ်ရှား

အိမ်ရှေ့ရေမြောင်းသည် ပိတ်ဆို့နေပါက အမှိုက်များ၊ ရေဆိုးရေညစ်များကို ဖယ်ရှားပစ်ပါ။ ထိုအခါမှ အိမ်သူအိမ်သားများ၏ စီးပွားရေး၊ ကျန်းမာရေးများ ရှောရှောရှူရှူဖြစ်လာမည်။

*

## ၄၅ အိမ်ပုံစံကို သေသေချာချာရေးဆွဲ

အိမ်မဆောက်မီ အိမ်ပုံစံကို သေသေချာချာရေးဆွဲရမည်။ အိမ်၏ အလယ်ကို ဗဟိုချက်ပြုကာ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုချောင် စသည်တို့ကို ခွဲခြားရမည်။ အထူးသဖြင့် အိမ်ထောင်ဦးစီး၏ဇာတာခွင်ကို အခြေခံကာ သူ့နေရာနှင့်သူ ခွဲခြားသတ်မှတ်ရမည်။

*

mgyoe.com

mgyoe.com


# ၄၆ ပဲ့ကွနည်း

'ပဲ့ကွ' နည်းအရ ဖခင်ဖြစ်သူသည် အိမ်၏အနောက်မြောက်၊ မိခင်ဖြစ်သူသည် အိမ်၏အနောက်တောင်အရပ်များတွင် နေထိုင်ရမည်။ မိခင်လုပ်သူကလည်း အနောက်မြောက်တွင် နေ၍ရသည်။ သားအကြီးဆုံးက အိမ်၏အရှေ့အရပ်၊ သမီးအကြီးဆုံးက အိမ်၏ အရှေ့တောင်အရပ်တို့တွင် နေရမည်။ 'ပဲ့ကွ' နည်းအလိုအရ အိမ်၏ အနောက်မြောက်အရပ်သည် မင်္ဂလာရှိသောအရပ်ဖြစ်၏။

*

# ၄၇ နက္ခတ္တဗေဒပညာအမြင်

ကြွက်ဇာတာရှင်သည်
မြောက်အရပ်
မြင်းဇာတာရှင်သည်
တောင်အရပ်
ယုန်ဇာတာရှင်သည်
အရှေ့အရပ်
ကြက်ဇာတာရှင်သည်
အနောက်အရပ်
အခြားဇာတာရှင်များကား
ကျန်သည့်နေရာများတွင် နေနိုင်၏။




*

mgyoe.com

mgyoe.com


## ၄၈ အိမ်ခန်းရှစ်ခန်းပုံစံခွဲနည်း

သံလိုက်အိမ်မြှောင်နည်းအရ အခန်းရှစ်ခန်းခွဲနိုင်၏။ အရှေ့အုပ်စုဝင်နှင့် အနောက်အုပ်စုဝင်ဟူ၍ရှိ၏။ အနောက်အုပ်စုဝင်များသည် အနောက်၊ အနောက်တောင်၊ အနောက်မြောက်နှင့် အရှေ့မြောက်အရပ်များတွင် နေနိုင်၏။ အရှေ့အုပ်စုဝင်များသည် အရှေ့၊ မြောက်၊ တောင်နှင့် အရှေ့တောင်အရပ်များတွင် နေနိုင်၏။

*

## ၄၉ အိမ်ထဲမှ ကြယ်ပျံ

ဖုန်းရွှေပညာတွင် 'ကြယ်ပျံနည်း' ဖြင့် ၆ ခန်းခွဲ၍လည်းရ၏။ ဤနည်းမှာ အိမ်၏ဇာတာကို တွက်ချက်၍ရ၏။ ဤနည်းအရ အိမ်၏ မည်သည့်နေရာတွင် စီးပွားရေးကံ၊ မည်သည့်နေရာတွင် ကျန်းမာရေးကံ ရှိသည်တို့ကို တွက်ချက်နိုင်၏။


*

mgyoe.com

mgyoe.com


# ၅၀ တံခါးများ

ဖုန်းရှွေပညာအရ အိမ်တစ်အိမ်တွင် တံခါးများများမရှိစေရ။ တံခါးများသောအိမ်သည် မိသားစုတွင်း ရန်ပွားတတ်၏။ နားလည်မှု လွဲတတ်၏။ တံခါး သုံးခုဆက်တိုက် တစ်တန်းတည်းမရှိစေရ။ ထိုသို့ရှိနေလျှင် အလယ်တံခါး၌ လေသာ ဆည်းလည်းတပ်ပေးပါ။ သို့မဟုတ် တံခါး တစ်ခုချင်းစီ၏ကြားတွင် လိုက်ကာခန်းဆီးတပ်ပေးပါ။



*

mgyoe

mgyoe.com


# ၅၁ ထုတ်တန်းများ

ထုတ်တန်းများအောက်တွင် မည်သည့်အခါမှ မထိုင်ပါနှင့်။ အထူးသဖြင့် လေးလံခိုင်ခံ့သောထုတ်တန်းများအောက်တွင် မထိုင်ပါနှင့်။ ထိုအောက်တွင်ထိုင်ပါက ခေါင်းကိုက်မည်၊ စိတ်တင်းကျပ်မည်၊ ထုတ်တန်းများမပေါ်စေဘဲ မျက်နှာကြက်တပ်ထားသင့်ပါသည်။ သို့မဟုတ် ထုတ်တန်းတွင် ပလွေနှစ်လက်ကို ကြက်ခြေခတ်ပြီး ကြိုးအနီနှင့်စည်း၍ ချည်နှောင်ခြင်းဖြင့် အကာအကွယ်ပြုနိုင်ပါသည်။

*



mgyoe.com

mgyoe.com


# ၅၂ တိုင်လုံးတွေကို သတိထား

ဖုန်းရွှေပညာတွင် တိုင်လုံးများကို ကြောက်ပါသည်။ အထူးသဖြင့် လေးထောင့်စပ်စပ်တိုင်လုံးများကို ရှောင်ရ ရှားရမည်။ ထောင့်များထံမှ အဆိပ်မြှားများ ထွက်တတ်သည်။ ထိုတိုင်လုံးများတွင် မှန်ချပ်ကပ်ပေးခြင်းဖြင့်လည်းကောင်း၊ နွယ်ပင်များကပ်ပေးခြင်းဖြင့်လည်းကောင်း ကုစားနိုင်ပါသည်။

*

# ၅၃ လှေကားဖုန်းရွှေ

လှေကားထစ်များသည် တံခါးမကြီးရှေ့မှ တိုက်ရိုက်စ၍မရ။ တံခါးမကြီးရှေ့မှ တိုက်ရိုက်ဆုံး၍လည်းမရ။ ထိုသို့ရှိလျှင် ချီဓာတ်သည် အလွန်ပြင်းထန်ပြီး ဒုက္ခပေးတတ်၏။ လှေကားသည် တစ်ဖြောင့်တည်း မဟုတ်ဘဲ ကွေ့ကောက်၍သွားရမည်။ ကြောင်လိမ် လှေကားကဲ့သို့သော လှေကားမျိုးကို အိမ်၏အလယ်တွင် မထားရ။ ထိုသို့ထားလျှင် အဆိပ်မြှားဖြစ်လာတတ်၏။ ယေဘုယျအားဖြင့် လှေကားထစ်များသည် ကျယ်ပြောချောမွေ့နေရမည်။ လှေကားထစ်တွင် အပေါက်များမရှိစေရ။

*

mgyoe.com

mgyoe.com


## ၅၄ အထပ်များလျှင် သတိထား

အထပ်တစ်ထပ်ထဲတွင် အထပ်ထပ်လုပ်မထားရ။ ထိုသို့ရှိသော အိမ်တွင် အိမ်တွင်းရေးမတည်ငြိမ်တတ်၊ စီးပွားရေးမတည်ငြိမ်တတ်။ အထပ်ထပ်ဖြစ်နေလျှင် ထမင်းစားခန်းကို အနိမ့်မှာမထားရ။ အမြင့်တွင် ထားရမည်။ အိပ်ခန်းသည် အမြင့်တွင်ရှိရမည်။ မီးဖိုချောင်က ခပ်နိမ့်နိမ့်နေရာတွင် ရှိရမည်။

*

## ၅၅ မီးဖိုချောင်ကို အနောက်ဘက်မှာထား

မီးဖိုချောင်သည် အိမ်နောက်ဖေးတွင်သာ ရှိစေရမည်။ မီးဖိုချောင်နှင့် အိမ်ရှေ့ခန်း သိပ်မနီးစေရ။ မီးဖိုချောင်သည် အိမ်၏အရှေ့ (သို့) တောင်ဘက်ခြမ်းတွင်ရှိလျှင် အကောင်းဆုံးဖြစ်၏။ မီးဖိုချောင်ကို အနောက်တောင်ဘက်ခြမ်းတွင်ထားလျှင် မိခင်ကို ခိုက်တတ်၏။ အနောက်မြောက်ဘက်တွင် မီးဖိုချောင်ရှိလျှင် ဖခင်ကို ခိုက်တတ်၏။ မီးဖိုချောင်ကို အနောက်မြောက်တွင်ထားခြင်းသည် 'ကောင်းကင်တံခါးဝတွင် မီးဖိုခြင်း' သရုပ်ကိုဆောင်၍ မထားသင့်ပါ။

*

mgyoe.com

mgyoe.com


# ၅၆ မှန်များ

အိပ်ခန်းတွင် ကြည့်မှန်မထားသင့်။ အထူးသဖြင့် လူ၏အရိပ် ထင်သောနေရာတွင် မှန်မထားရ။ အိပ်ခန်းတွင် မှန်ရှိခြင်းသည် ဇနီးမောင်နှံကို ရန်မီးပွားစေ၏။ မရှိမဖြစ် မှန်ထားရလျှင် ထိုမှန်ကို အသုံးမပြုချိန်တွင် အဝတ်နှင့်ကာထားပါ။

*

# ၅၇ စီးပွားတိုးစေသောမှန်

လက်လီအရောင်းဆိုင် (သို့) စားသောက်ဆိုင်တွင် မှန်ထားခြင်းဖြင့် စီးပွားတိုးစေ၏။ ဝယ်သူ၊ ဖောက်သည်ကို ဆွဲဆောင်နိုင်၏။ ငွေသိမ်းကောင်တာတွင် မှန်ထားလျှင် ငွေတိုးပွားစေ၏။

*

mgyoe.com

mgyoe.com


## ၅၈ မှန်ဖြင့်အကာအကွယ်ပြုခြင်း

မှန်သည် တိုင်လုံးများကို အကာအကွယ်ပေးနိုင်သည်။ တိုင်လုံးမှထွက်သော အဆိပ်မြှားများကို မှန်က ဖျောက်ဖျက်ပေးနိုင်၏။ အိမ်မှပျောက်နေသောထောင့်များကို မှန်ဖြင့် ပြန်ပေါ်စေနိုင်သည်။ လှေကား၊ အိမ်သာ၊ မီးဖိုချောင်များ၏အရိပ်ကိုကား မှန်တွင် မထင်ဟပ်စေရန် သတိပြုပါ။

*

## ၅၉ မှန်ကိုအသုံးချပုံအကျိုးကျေးဇူးများ

မှန်ကို ကောင်းစွာအသုံးချတတ်လျှင် ဖုန်းရွှေကောင်း၏။ ထမင်းစားခန်းတွင် မှန်တပ်ထားလျှင် စားနပ်ရိက္ခာတိုးပွားစေ၏။ သို့သော် မှန်သည် ထမင်းစား စားပွဲပေါ်မှ အစားအသောက်များ၏ အရိပ်ကိုသာ ထင်ဟပ်စေရမည်ဖြစ်ပြီး စားသောက်သူများ၏ ခေါင်းပြတ်ပုံများကိုကား မထင်ဟပ်စေရန်၊ အနေအထား ချိန်ဆချိတ်ဆွဲရ မည်။ ပြင်ပမှ ပန်းခြံ၊ ရေကန်အရိပ်များ မှန်တွင် ထင်ဟပ်ခြင်းသည်လည်း မင်္ဂလာအလွန်ရှိ၏။ ထိုသို့ထင်ဟပ်ခြင်းဖြင့် ကံကောင်းစေတတ်သည်။

*

mgyoe.com

mgyoe.com


## ၆၀ ပုံသဏ္ဍာန်မမှန်သောအခန်းများကို ရှောင်ပါ

ပုံစံမမှန်သောအခန်းများ (သို့) အမိုး၊ ယင်းအောက်ရှိအခန်းများသည် မကောင်း။ အင်္ဂလိပ်အက္ခရာ 'အယ်လ်' ပုံရှိသောအခန်းမျိုးသည် ဒုက္ခပေးတတ်၏။ အိပ်ခန်းနှင့် အိမ်သာတွဲလျက်အခန်းများသည် 'အယ်လ်' ပုံစံရှိတတ်၍ သတိထားပါ။

*

## ၆၁ အခန်းများကို ပုံသဏ္ဍာန်မှန်ပါစေ

အထူးသဖြင့် အိပ်ခန်းကို ဂရုစိုက်ပါ။ အိပ်ခန်းက ပုံစံမမှန်ဖြစ်နေလျှင် ပရိဘောဂများကို နေရာအရွှေ့အပြောင်းလုပ်ကာ ပုံမှန်ပုံစံဖြစ်အောင် လုပ်ရမည်။

*

mgyoe.com

mgyoe.com


# ၆၂ အိမ်သာကို သတိထား

အိမ်သာကို သိပ်ကြီးကြီးမလုပ်ပါနှင့်။ ထို့ပြင် အိမ်၏အနောက်တောင် (သို့) အရှေ့မြောက်ခြမ်းများတွင် အိမ်သာမထားရ။ အရှေ့တောင်ခြမ်းတွင် အိမ်သာရှိလျှင် လာဘ်တိတ်၏။ အိမ်သာကို အိမ်၏အလယ်ဗဟိုတွင်လည်း မထားရ။ အိမ်သာနှင့် အိမ်ရှေ့တံခါးမကြီးကိုလည်း မနီးကပ်စေရ။ ထိုသို့ရှိနေလျှင် ကံဆိုးတတ်၏။


*

mgyoe.com

mgyoe.com


## ၆၃ မီးဖိုးချောင်တွင် ပရိုဘောဂထားခြင်း

မီးဖိုချောင်တွင် မီးနှင့်ရေကပ်မထားရ။ မီးဖိုနှင့်ရေကန်ကိုဘေးချင်းယှဉ်၍မထားရ။ ဥပမာ– ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များနှင့် မီးဖိုကပ်မထားရ။ ပန်းကန်ဆေးကန်၊ လက်ဆေးကန်များကိုလည်း မီးဖိုဘေးကပ်မထားရ။



*



mgyoe.com

mgyoe.com


# ၆၄ အိမ်ချဲ့ဆောက်ခြင်း

အိမ်ကိုချဲ့ဆောက်လျှင် သတိထားပါ။ အဖီချ၊ အခန်းတိုး ဆောက်လျှင် မူရင်းအိမ်ပုံစံမပျက်အောင် သတိပြုပါ။ စတုဂံအိမ်ပုံစံ၊ လေးထောင့်စပ်စပ် အိမ်ပုံစံမှနေ၍ အဖီများ၊ အဆောင်များ ချဲ့ဆောက်ခြင်းဖြင့် ပုံစံပျက်သွားတတ်သည်။

ဥပမာ– တိုးချဲ့ဆောင်ကို တောင်ဘက်တွင် ဆောက်လျှင် မီးဓာတ်ရှိသောနေရာဖြစ်၏။ အကယ်၍ တံခါးမကြီးသည် အနောက်ဘက်တွင်ရှိလျှင် မီးဓာတ်က သတ္တုဓာတ်ကိုဖျက်လိမ့်မည်။ တံခါးမကြီးသည် အနောက်တောင်ဘက်တွင်ရှိလျှင် မီးဓာတ်က မြေဓာတ်ကို အကျိုးပြုသည်။

အရှေ့တောင်ဘက်တွင် အဆောင်ချဲ့လျှင် ဤနေရာက သစ်သားဓာတ်နေရာဖြစ်သည်။ တံခါးမကြီးက တောင်ဘက်ခြမ်းတွင်ရှိလျှင် မီးဓာတ်နေရာဖြစ်၏။ အဆောင်ချဲ့သောနေရာရှိ သစ်သားဓာတ်က တံခါးမကြီး၏ဓာတ်ဖြစ်သော မီးကိုအကျိုးပြု၍ မင်္ဂလာရှိ၏။


*

mgyoe.com

mgyoe.com



# ၆၅ ရုံးခန်းဖုန်းရွှေ



ရုံးခန်း၏ဝင်ပေါက်တံခါးဝနှင့် ဓာတ်လှေကား မျက်နှာချင်းဆိုင် ရှိနေက ဖုန်းရွှေ ပျက်၏။



ရုံးခန်းတံခါးဝ၌ ဘဏ်တိုက် မျက်နှာချင်းဆိုင်ရှိနေက မိမိငွေတွေ ပါသွားတတ်၏ ။



ရုံးခန်းတံခါးဝသည် စင်္ကြံရှည်ကြီး၏ အဆုံးတွင် မရှိစေရ။ အဆိပ်မြားများ ဝင်တတ်၏ ။



မိမိရုံးခန်းတံခါးဝနှင့် အခြားရုံးခန်းတံခါးဝမျက်နှာချင်းဆိုင် ဖြစ်နေလျှင်လည်း မကောင်း။ လိုက်ကာ(သို့) ခန်းဆီးတစ်ခုခု ကာထားသင့်သည်။

*

mgyoe.com

mgyoe.com


# ၆၆ ရုံးခန်းဖုန်းရွှေနည်းစနစ်များ

(၁) ရုံးခန်းအတွင်းမှကြည့်လျှင် တံခါးမကြီးသည် အလုပ်ရှင်၏ ရုံးခန်းနှင့် မျက်နှာချင်းဆိုင်ရှိလျှင် ကောင်း၏။

(၂) ရုံးခန်းရှေ့တွင် ပစ္စည်းပစ္စယများ စုပုံမနေရ။ မှန်များတပ်၍ နေရာကိုပိုကျယ်အောင် လုပ်ပေးရမည်။ သို့သော် မှန်သည် မိမိ၏ တံခါးမကြီးအရိပ်ကိုကား မထင်ဟပ်နေစေရ။

(၃) ရုံးခန်းရှေ့တွင် မီးကောင်းစွာ ထွန်းထားရမည်။ ထိုသို့မီးထွန်းလျှင် မင်္ဂလာပိုရှိ၏။


(၄) ရုံးခန်းရှေ့တွင် ဧည့်ကြိုကောင်တာရှိလျှင် ဧည့်ကြိုကောင်တာနှင့် ရုံးခန်းကို လိုက်ကာ၊ ခန်းဆီး ခြားနားပါ။

*

mgyoe.com


mgyoe.com



# ၆၇ မင်္ဂလာမရှိသော အဆောက်အဦများ



(၁) အိမ်တံခါးမကြီးရှေ့တွင် မိုးပျံတံတား၊ ဆောင်များ တွေ့ရသော အဆောက်အဦသည် မကောင်း၊


(၂) အခြားအဆောက်အဦများက မိမိ၏ အဆောက်အဦထက် ပိုမြင့်နေလျှင် အုတ်ညှပ်သကဲ့သို့ဖြစ်ပြီး မကောင်း၊





(၃) မိမိအဆောက်အဦကို အခြားအဆောက်ဦရှိ အမိုးချွန်က ထိုးနေလျှင် မကောင်း၊

(၄) လှည်းဦးတိုက်၊ လှေဦးတိုက်၊ လမ်းဦးတိုက်နေရာတွင် ရှိနေသော အဆောက်အဦသည်မကောင်း။



*

mgyoe.com


mgyoe.com



## ၆၈ မကောင်းသောနေရာအနေအထားများ




(၁) မိုးပျံတံတားဆောမှနေရာ



(၂) အမိုးချွန်(သို့) ဆိုင်းဘုတ် အချွန်ထိုးနေသောနေရာ



(၃) လမ်းလေးခွ ဆုံသော နေရာ




(၄) ရှေ့တည့်တည့်တွင် တိုက် အမြင့်ကြီးရှိသောနေရာ

*


mgyoe.com

mgyoe.com


# ၆၉ ဧည့်ခန်းမှာ ရွက်လှေထားပါ

ရွက်လှေပုံစံတစ်ခုကို ဧည့်ခန်းမှာထားပါ။ ရွက်လှေသည် အိမ်ထဲသို့ဝင်နေသောပုံ ဖြစ်ရမည်။ အိမ်ပြင်သို့ထွက်သွားသော အနေအထားမဖြစ်စေရ။ ရွက်လှေပေါ်တွင် ရွှေတုံးများပါက ပိုကောင်းသည်။

*



mgyoe.com

mgyoe.com


## ၇၀ ရွှက်လှေတွင် ရတနာများ ပြည့်နှက်ပါစေ

ရွှက်လှေပေါ်တွင် ရွှေတုံးများ၊ ရွှေဒင်္ဂါးများ၊ ရွှေချောင်းတောင့်များ၊ ရတနာပစ္စည်းများ အပြည့်အမောက်ပါနေပါစေ။

*

## ၇၁ ရုံးခန်းအပြင်အဆင်များ

ရုံးခန်းတွင် စကြ်ရှည်ကြီးများ မရှိစေရ။ လမ်းအကွေ့အဝိုက်ကလေးများ ရှိနေပါစေ။ လမ်းဘေးတွင် အပင်များ ထားပါ။ ခန်းဆီး၊ လိုက်ကာ သိပ်ပြီး ပိတ်ပိတ်ဆို့ဆို့မရှိပါစေနဲ့။ ရုံးခန်းကို မီးထိန်ထိန်ထွန်းထားပါ။ လေဝင်လေထွက်ကောင်းကောင်းရှိစေရန် သတိပြုပါ။

*

mgyoe.com

mgyoe.com


# ၇၂ ထိုးထွက်နေသော ထောင့်စွန်းများ

တိုင်လုံးထောင့်စွန်းများသည် အဆိပ်မြားကို လွှတ်တတ်သည်။ စာအုပ်စင်၊ ဘီဒိုထောင့်စွန်းများကိုလည်း ရှောင်ရှားရမည်။ ထိုထောင့်များကို အောက်ပါအတိုင်းပြုပြင်ရပါမည်။

(၁) ထောင့်စွန်းများတွင် အပင်များထားပါ။ ထိုအပင်များသေသွားလျှင် အပင်သစ်ထပ်ထားပါ။

(၂) တိုင်လုံးထောင့်ချွန်နေရာတွင် မှန်ကပ်ပါ။

(၃) ထောင့်ချွန်နားတွင် သလင်းကျောက်တုံးထားပါ။

*



mgyoe.com

mgyoe.com


# ၇၃ မန်နေဂျာအခန်း

မိမိက ရာထူးကြီးလေလေ ရုံးခန်း၏အတွင်းကျကျနေရာတွင် နေလေဖြစ်ရမည်။ အကောင်းဆုံးအခန်းမှာ တံခါးမကြီးနှင့် ထောင့်မှန်ကျ နေသောအခန်းဖြစ်၏။ ထိုနေရာသည် 'ခန' နေရာဖြစ်၏။

(၁) 'အယ်လ်' ပုံစံနှင့် တြိဂံပုံစံအခန်းများကို ရှောင်ပါ။

(၂) ထိုးထွက်နေသော ထောင့်ချွန်များကို ပရိဘောဂများဖြင့် ကာပါ။

(၃) စာအုပ်စင်များ မရှိပါစေနှင့်။ ၎င်းတို့သည် သင့်ကို ခုတ်မည့် ဓားများကဲ့သို့ဖြစ်တတ်၏။

(၄) ပြတင်းပေါက်မှကြည့်၍ အဆောက်အဦတစ်ခု၏ အချွန် ထိုးလာသည်ကိုမြင်ရလျှင် လိုက်ကာ(သို့) ခန်းဆီးဖြင့် ကာပါ။

*

mgyoe.com